# လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း နှင့် မဖွယ်မရာပြုခြင်းကို တိုင်ကြားပါ။


မည်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝန်ထမ်း မဆို မိမိ၏ အခွင့်အာဏာ၊ ရာထူးကို အသုံးပြု၍ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ပြုကျင့်ခြင်း မပြုရ။




သင်၏လုံခြုံရေးသည် ကျွန်ုပ်တို့အဓိက အလေးထားသော အရာဖြစ်သည်။

## လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း မှာ အဘယ်နည်း။

လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း ဆိုသည်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝန်ထမ်းတစ်ဦးမှ သင့်အား ငွေကြေး၊ နေရာထိုင်ခင်း၊ အစားအသောက်၊ အဝတ်အစား (သို့) အခြားသော ထောက်ပံ့မှုများကို လိင်ပိုင်းဆိုင်ရာ အကျိုးအမြတ်ကို မျှော်ကိုး၍ လုပ်ဆောင်ပေးခြင်း (သို့) လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် လုပ်ဆောင်ခြင်းကို ခေါ်သည်။







## လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုခြင်း မှာ အဘယ်နည်း။

လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဝန်ထမ်းတစ်ဦးမှ သင့်ဆန္ဒမပါဘဲ သင့်အား အတင်းအဓမ္မဖြစ်စေ (သို့) ခြိမ်းခြောက်၍ ဖြစ်စေ လိင်ဆက်ဆံခြင်းဆိုလိုသည်။

## UNHCR သည် SEA နှင့် ပတ်သက်လျှင် လုံးဝ သည်းခံခြင်းမရှိ ဆိုသည့် မူဝါဒကို လိုက်နာကျင့်သုံးသည်။

သင် (သို့) သင်သိသောသူ တစ်စုံတစ်ယောက်က လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်မှု (သို့) လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုမှုကို ကြုံတွေ့ရလျှင် ကျေးဇူးပြု၍ တိုင်ကြားပါ။





## SEA နှင့်ပတ်သက်ပြီးမည်သို့တိုင်ကြားမည်နည်း။

UNHCR သည် သင့်အချက်အလက်များကို လျှို့ဝှက် ထိန်းသိမ်းထားပေးမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးနေသော ကာလတလျှောက် သင်၏လုံခြုံမှုအတွက် တာဝန်ယူပေးသွားမည်ဖြစ်သည်။

## SEA ဖြစ်ရပ်များအား IGO သို့ တိုင်ကြားရန် နည်းလမ်းများ -

| | |
|---|---|
| လျှို့ဝှက် ဖက် - | +၄၁ ၂၂ ၇၃၉ ၇၃ ၈၀ |
| **လျှို့ဝှက် အီးမေးလ် -** | inspector@unhcr.org |
| စာတိုက်လိပ်စာ - | 94 rue de Montbrillant, CP 2500, 1211 Geneva |
| အွန်လိုင်း တိုင်ကြားစာ - | https://www.unhcr.org/igo-complaints.html |

## လုပ်ငန်းခွင်အတွင်းရှိ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများအား ၂၄ နာရီ တိုင်ကြားနိုင်သည့် helpline နံပါတ် -

| | |
|---|---|
| ဖုန်း (၂၄ နာရီ) - | +၁ (၉၁၇) ၃၆၇-၈၉၁၀ |
| အီးမေးလ် - | speakup@un.org |

Produced by: UNHCR The UN Refugee Agency